**သတင်းထုတ်ပြန်ချက်**

## INFRASTRUCTURE ASIA မှ မြန်မာနိုင်ငံ၏ မြို့ပြအခြေခံအဆောက်အဦလိုအပ်ချက်များအား ပံ့ပိုးဆောင်ရွက်ပေး

၂၀၁၉ ခုနှစ် ၊ ဩဂုတ်လ(၁၇)ရက် - INFRASTRUCTURE ASIA (IA) သည် စင်္ကာပူအစိုးရဌာန နှစ်ရပ်ဖြစ်ကြသည့် Enterprise Singapore နှင့် Monetary Authority of Singapore တို့ လက်အောက်ရှိ အခြေခံအဆောက်အဦဆိုင်ရာ စီမံကိန်းဆောင်ရွက်ရေးအဖွဲ့တစ်ခုဖြစ်ပါသည်။ IA အနေဖြင့် ဒေသတွင်း မြို့ပြအခြေခံအဆောက်အဦများနှင့် ပတ်သက်ပြီး ပံ့ပိုးဆောင်ရွက်ပေးရန်အတွက် အာရှဒေသတဝှမ်းရှိ အစိုးရအာဏာပိုင်များနှင့်အတူ ပူးပေါင်းဆောက်ရွက်လျက်ရှိသည်။

IA အနေဖြင့် ကမ္ဘာအရပ်ရပ်မှ အခြေခံအဆောက်အဦပညာရှင်များ၏ ကျွမ်းကျင်မှုများကို အကောင်းဆုံး အသုံးချပြီး အာရှဒေသ၏ အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဆောင်ရွက်ရန် ရည်ရွယ်ထားပါသည်။ ကျွန်ုပ်တို့အဖွဲ့အစည်းအနေဖြင့် အာရှဒေသတဝှမ်းရှိ သတင်းအချက်အလက်များ မျှဝေရေးနှင့် မြို့ပြအခြေခံအဆောက်အဦကျင့်သုံးမှုကောင်းများကို မျှဝေရေးအတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများဖြင့် ချိတ်ဆက်ထားပြီး တစ်နေရာတည်းတွင် ဝန်ဆောင်မှုအားလုံးကို ရယူနိုင်သည့်စနစ်အား ဖော်ဆောင်ထားပါသည်။ ယင်းဆောင်ရွက်မှုမှတဆင့် အာရှဒေသတဝှမ်းရှိအစိုးရအဖွဲ့များအား ၎င်းတို့၏ အခြေခံအဆောက်အဦစီမံကိန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ဘဏ္ဍာမတည်ငွေရရှိရေးနှင့် အကောင်အထည် ဖော်နိုင်ရေးတို့အတွက် နိုင်ငံတကာမှကုမ္ပဏီများ ၊ ဘဏ္ဍာရေးအဖွဲ့အစည်းများဖြင့် ချိတ်ဆက်ထောက်ပံ့ ကူညီပေးရန် ရည်ရွယ်ထားပါသည်။

IA အနေဖြင့် မြန်မာနိုင်ငံအစိုးရအဖွဲ့နှင့် နိုင်ငံ၏မြို့ပြအခြေခံအဆောက်အဦ လိုအပ်ချက်များကို နားလည်နိုင်ရန်အတွက် ဆွေးနွေးမှုများပြုလုပ်လျက်ရှိပါသည်။ New Yangon Development Company Limited (NYDC)နှင့် စီမံကိန်းစိစစ်မှုများပြုလုပ်ရာတွင် နည်းပညာပိုင်းဆိုင်ရာအထောက်အကူများနှင့် နိုင်ငံတကာတွင် ကျင့်သုံးလျက်ရှိသည့် နည်းလမ်းများအားမျှဝေရန်အတွက် ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ NYDC သည် ရန်ကုန်မြို့အနောက်ဘက်ခြမ်းရှိ (၉၀)စတုရန်းကီလိုမီတာအကျယ်ရှိသော မြေနေရာတွင် ရန်ကုန်မြို့သစ် ပထမအဆင့်ကို အကောင်အထည်ဖော်ရန်အတွက် ဖွဲ့စည်းထားသော ရန်ကုန်တိုင်းဒေသကြီးအစိုးရပိုင်ကုမ္ပဏီ

ဖြစ်ပါသည်။ IA နှင့် ၎င်း၏မြို့ပြအခြေခံအဆောက်အဦ တည်ဆောက်ရေးမိတ်ဖက်အဖွဲ့အစည်းများသည် ရန်ကုန်မြို့သစ်ပထမအဆင့် Stage 2 အခြေခံအဆောက်အဦ စီမံကိန်းများတွင် ပါဝင်သော Power Supply and Distribution၊ Natural Gas Supply and Distribution နှင့် Cyber Connectivity Infrastructure ကဏ္ဍများအတွက် စိစစ်မှုများကို NYDC နှင့် ပူးပေါင်းလုပ်ဆောင်ပါသည်။

၂၀၁၉ ခုနှစ် ဖော်ဝါရီလမှစ၍ NYDC အနေဖြင့် ရန်ကုန်မြို့သစ်ပထမအဆင့် Stage 2 အခြေခံအဆောက်အဦ စီမံကိန်းများတွင်[1] ပါဝင်ဆောင်ရွက်ရန် လုပ်ငန်းဆောင်ရွက်လိုမှုအဆိုပြုလွှာခေါ်ဆိုခဲ့ပြီး ကုမ္ပဏီပေါင်း (၄၀) ကျော်မှ အဆိုပြုလွှာများ ရရှိခဲ့ပါသည်။ စီမံကိန်းစတင်အကောင်ထည်ဖော်ဆောင်ရန် feasibility study ဆောင်ရွက်ရန်နှင့် Pre-Project Documents (PPD) ကိုပြင်ဆင်ရန်အတွက် သင့်တော်သည့်အရင်းအမြစ်နှင့် အတွေ့အကြုံရှိသည့် ကုမ္ပဏီများကို ရွေးချယ်နိုင်ရန်အရေးပါသည့်အတွက် နည်းပညာပိုင်းဆိုင်ရာသုံးသပ်ချက်များနှင့် သက်ဆိုင်ရာ အကဲဖြတ်စစ်ဆေးမှုစံနှုန်းများကို ဆောင်ရွက်ရန်အတွက် IA နှင့် NYDC တို့မှ ပူးပေါင်း၍ ယင်းကုမ္ပဏီများအား တွေ့ဆုံမှုများပြုလုပ်ခဲ့ပါသည်။ NYDC အနေဖြင့် PPD ရေးဆွဲမှုများအပြီးတွင် NYDC Challenge တင်ဒါ ခေါ်ဆိုသွားမည် ဖြစ်ပါသည်။ [2]

"အာရှဒေသတဝှမ်းမှာမြို့ပြအခြေခံအဆောက်အဦတည်ဆောက်ရေးကို ငွေကြေးမတည်ပေးဖို့အတွက်နဲ့ ပိုမို ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေဖို့ Infrastructure Asia ကို တည်ထောင်ခဲ့တာဘဲ ဖြစ်ပါတယ်။ IA အနေဖြင့် စီမံကိန်းသတ်မှတ်ပုံဖော်ခြင်း ၊ ကျင့်သုံးမှုကောင်းများမျှဝေခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း အစရှိတာတွေကို လုပ်ဆောင်ပေးပြီးတော့ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကမ္ဘာတစ်ဝှမ်းက မြို့ပြအခြေခံအဆောက်အဦ တည်ဆောက်ရေးမိတ်ဖက်အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုကတဆင့် NYDC နဲ့ လက်တွဲလုပ်ဆောင်ရတဲ့အတွက် ကျွန်တော်တို့ ဝမ်းမြောက်မိပါတယ်။ ကျွန်တော်တို့အနေဖြင့် ရန်ကုန် သာမကဘဲ အခြားအချက်အချာကျတဲ့ မန္တလေးမြို့တို့လို ဒေသတွေအထိလည်း ထပ်မံတိုးချဲ့ပြီး နောက်ထပ် ပူးပေါင်းဆောင်ရွက်နိုင်မယ့် အခွင့်အရေးတွေရရှိဖို့ကိုလည်း မျှော်လင့်မိပါတယ်။ " ဟု IA ၏ အလုပ်အမှုဆောင် ဒါရိုက်တာ Mr. Seth Tan မှ ပြောကြားပါသည်။

- နိဂုံး -

မီဒီယာများမှ စုံစမ်းရန် အောက်ပါ ပုဂ္ဂိုလ်အား ဆက်သွယ်နိုင်သည်။

Ms Foo Xiao Xuan
Enterprise Singapore
ဖုန်း - ၆၅ ၆၄၃၃ ၄၄၀၀
အီးမေးလ် - foo_xiao_xuan@enterprisesg.gov.sg

Infrastructure Asia အကြောင်း

Infrastructure Asia (IA) အနေဖြင့် အာရှဒေသတစ်ဝှမ်းတွင် မြို့ပြအခြေခံအဆောက်အဦစနစ်တိုးတက်လာမှုမှတဆင့် လူမှုရေးနှင့်စီးပွားရေးပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အထောက်အကူပြုနိုင်ရန်ရည်ရွယ်ပါသည်။ INFRASTRUCTURE ASIA (IA) သည် အာရှဒေသတစ်ဝှမ်းတွင် မြို့ပြအခြေခံအဆောက်အဦတည်ဆောက်ရေးအား ငွေကြေးမတည်ရန်နှင့် ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အထောက်အကူပြုနိုင်ရန် စင်္ကာပူအစိုးရဌာနနှစ်ရပ်ဖြစ်ကြသည့် Enterprise Singapore နှင့် Monetary Authority of Singapore တို့ မှ ဖွဲ့စည်းတည်ထောင်ထားခဲ့ခြင်းဖြစ်သည်။ IA မှ စီမံကိန်း သတ်မှတ်ပုံဖော်ခြင်း ၊ အကောင်းဆုံးကျင့်သုံးမှုများအားမျှဝေခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်းတို့အပြင် စင်္ကာပူနိုင်ငံ၏ အကောင်းဆုံးမြို့ပြအခြေခံအဆောက်အဦစနစ်တည်ဆောက်ရေးလုပ်ငန်းစုများ၏ (ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာမှဆောင်ရွက်နေသည့် အဖွဲ့အစည်းများ၊ အင်ဂျင်နီယာတည်ဆောက်မှုဆိုင်ရာနည်းပညာများ နှင့် အထူးကျွမ်းကျင်ဝန်ဆောင်မှုများအပြင် ဘဏ္ဍာရေးအဖွဲ့အစည်းများ နှင့် နိုင်ငံပေါင်းစုံမှဖွံ့ဖြိုးတိုးတက်မှုဖော်ဆောင်ရေးအဖွဲ့အစည်းများ အပါအဝင်) နည်းနာများအားအသုံးချလျက် ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။

ထို့အပြင် အာရှဒေသတစ်ဝှမ်းရှိဒေသတွင်းနိုင်ငံများ မြို့ပြတည်ဆောက်ရေးစနစ်လုပ်ငန်းများတွင်လုပ်ဆောင်နေသည့် ကမ္ဘာတစ်ဝှမ်းမှ အဖွဲ့အစည်းများနှင့် အတူပူးပေါင်းဆောင်ရွက်နေပြီး ယင်းဒေသတွင်းရှိမြို့ပြတည်ဆောက်ရေးကဏ္ဍသို့ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရန်အတွက် အစိုးရအဖွဲ့အသီးသီးတို့နှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကာ အစုအဖွဲ့လိုက် စုပေါင်းဆောင်ရွက်မှုအင်အားကိုအကောင်းဆုံး အသုံးချ လုပ်ဆောင်နေပါသည်။

Foot Notes:

1. Phase 1 Stage 2 အခြေခံအဆောက်အဦစီမံကိန်းများတွင် power supply and distribution၊ public transport cyber connectivity infrastructure၊ municipal waste disposal၊ natural gas supply and distribution နှင့် convention centerပါဝင်ပါသည်။ စီမံကိန်းများအား အကောင်အထည်ဖော်ရန်ရွေးချယ်တာဝန်ပေးအပ်ပြီးသည့်နောက်တွင် ကုမ္ပဏီများအနေဖြင့် (ကုမ္ပဏီတစ်ခုလျှင် စီမံကိန်းတစ်ခုကျရွေးချယ်ခြင်းဖြစ်သည်) စီမံကိန်းများအား အကောင်အထည်ဖော်ရန် feasibility study အားစတင်လုပ်ဆောင်သွားမည် ဖြစ်ပါသည်။

2. NYDC အနေဖြင့် မျှတသောယှဉ်ပြိုင်မှု၊ ထိရောက်သောစွမ်းဆောင်နိုင်မှု နှင့် ပွင့်လင်းမြင်သာမှုရှိစေရန်ရည်ရွယ်၍ ကမ္ဘာတစ်ဝှမ်းတွင် အသုံးချနေသည့် Swiss Challenge စနစ်ကို အသုံးပြုပါသည်။